၁။ ပြည်ပနိုင်ငံများသို့ တင်သွင်း/တင်ပို့လာသော ကုန်ပစ္စည်းများအား အမျိုးအစားခွဲခြားသတ်မှတ်ရာတွင် လက်ရှိကျင့်သုံးလျက်ရှိသော မြန်မာ့ အကောက်ခွန်နှုန်းစာရင်းကို အခြေခံ၍ ဆောင်ရွက် လျက်ရှိပါသည်။

၂။ ကြိုတင် သတ်မှတ် ဆောင်ရွက်ခြင်းကို ပြန်လည်ပြင်ဆင်ထားသော ကျိုတိုကွန်ဗင်းရှင်း၏ (Revised Kyoto Convention) စံသတ်မှတ်ချက်(9.9) အရ လည်းကောင်း၊ ကမ္ဘာ့ အကောက်ခွန်အဖွဲ့၏ သဘောတူညီချက်များ (WCO Recommendation) အရလည်းကောင်း၊ အာဆီယံ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်အရလည်းကောင်း၊ ကုန်သွယ်မှုကိန်းဂဏန်းများ မှန်ကန်တိကျစေရေး၊ နိုင်ငံတော်အခွန်ဘဏ္ဍာများ မဆုံးရှုံးစေရေးနှင့် အကောက်ခွန်နှင့် ကုန်သွယ်မှုအဖွဲ့အစည်းများအကြား ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ဆိုင်ရာ အငြင်းပွားမှု ပြဿနာများ လျော့ကျစေနိုင်ရေး တို့အတွက် ဦးတည် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့မှုကိုများစွာ အထောက်အကူပြုစေနိုင်သည့်အပြင်နိုင်ငံတကာနှင့်ကုန်သွယ်မှုပြုသူများအား အကူအညီပေးရန် ဖြစ်ပါသည်။



**လျှောက်ထားခြင်း**

၃။ **ဘယ်မှာလျှောက်ရမှာလဲ။**

- **အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)** သို့မဟုတ်
- **သက်ဆိုင်ရာနယ်မြေအကောက်ခွန်ရုံး** မှာ သတ်မှတ်လျှောက်လွှာရယူပြီးလျှောက်ထားနိုင်ပါတယ်

(လျှောက်လွှာကို www.myanmarcustoms.gov.mm မှာလည်း Download ပြုလုပ် ရယူနိုင်ပါတယ်)

**လက်ခံစိစစ်ခြင်း**

ဒါတွေပြည့်စုံမှလက်ခံမှာဖြစ်ပါတယ်...



- အကောက်ခွန်ဦးစီးဌာနမှသတ်မှတ်ထားသောလျှောက်လွှာပုံစံ (Application Form) မူရင်း နှင့် မိတ္တူတို့တွင် ပြည့်စုံစွာရေးသွင်းပြီး ကုန်ပစ္စည်း မရောက်ရှိမီ အနည်းဆုံး **ရက်ပေါင်း ၃၀** ကြိုတင်၍ လျှောက်ထားရမည်။
- လျှောက်လွှာကို လူကိုယ်တိုင် ဖြစ်စေ၊ စာတိုက်မှတဆင့် ဖြစ်စေပေးပို့ လျှောက်ထားနိုင်သည်။
- လျှောက်လွှာနှင့်အတူ တင်သွင်းပစ္စည်းနမူနာများ၊ဓါတ်ပုံ၊ ရုပ်ပုံများ အပါအဝင်အထောက်အထား၊ စာရွက်စာတမ်းများကို ပြည့်စုံစွာ တင်ပြရမည်။
- စုံစမ်း မေးမြန်းထားသည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်ချက်ကို အများပြည်သူသို့ထုတ်ဖော် အသိပေးလိုခြင်း ရှိ/မရှိ နှင့် အသိပေးလိုခြင်း မရှိပါက သတင်းအချက်အလက် ထိန်းသိမ်းလိုသည့် ကာလ နှင့် ထိန်းသိမ်းလိုသည့် အကြောင်းအရင်းများကို လျှောက်လွှာဖြည့်စွက်ရာ တွင်တစ်ပါတည်း ထည့်သွင်း ဖော်ပြရမည်။ ထိန်းသိမ်းလိုသည့်ကာလသည် **ရက်ပေါင်း ၁၈၀** ထက် မပိုစေရ။
- ကုန်ပစ္စည်း တစ်မျိုးအတွက် လျှောက်လွှာတစ်ခုချင်းစီ တင်ပြရမည်။
- အကယ်၍ မေးမြန်းစုံစမ်းသူတွင် HS Code နှင့်စပ်လျဉ်း၍ ထင်မြင်ယူဆချက်ရှိပါက အကြောင်းအရင်းနှင့်တကွ ရှင်းလင်းဖော်ပြရမည်။
- လျှောက်လွှာပုံစံတွင် နေရာမလုံလောက်ပါ က သီးသန့်ပုံစံတစ်ခုတွင် ထပ်မံထည့်သွင်းလိုသည့် အချက်များအား ရေးသားပြီး မူရင်းနှင့် ပူးတွဲတင်ပြရမည်။
- အလားတူ ပစ္စည်းကို လျှောက်ထားမေးမြန်းခဲ့ဖူးပါက ယခင်က လျှောက်ထားခဲ့သည့် လျှောက်လွှာ (မိတ္တူ)ကို တင်ပြရမည်။

***** လိုအပ်သော သတင်းအချက်အလက်အထောက်အထားများကို သက်ဆိုင်ရာ အကောက်ခွန်ရုံးကတောင်းခံပါက တောင်းခံသည့်နေ့မှ (၁၄) ရက် အတွင်း တင်ပြရန်လိုပါမည် *****



ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြည့်စုံသော လျှောက်လွှာနှင့် စာရွက်စာတမ်း အထောက်အထားများ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀အတွင်း ပြန်ကြားပေးပါမယ်။ ပြန်ကြားချက်သည် ထပ်တူညီပစ္စည်းတင်သွင်းမှုများအတွက် (၃)နှစ်အထိ အကျုံးဝင်ပါမယ်။



**ပြန်လည်သုံးသပ်ခြင်း**




လျှောက်ထားသူသည် အကောက်ခွန်ဦးစီးဌာနကသတ်မှတ်သော Code အမှတ် (HS Code) နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင်ပြန်လည်သုံးသပ်ပေးရန် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)သို့မဟုတ် သက်ဆိုင်ရာနယ်မြေ အကောက်ခွန်ရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းသို့လျှောက်ထားသည့်အခါ-

(က) ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုကြိုတင်သတ်မှတ်ချက် လက်ခံရရှိသည့် နေ့မှ **ရက်ပေါင်း ၃၀ အတွင်း** လျှောက်ထားရမည်။

(ခ) လျှောက်လွှာတွင် ပြန်ကြားချက် အမှတ် (Reply Reference No.) ၊ ပြန်လည်စစ်ဆေးပေးရမည့် ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များ၊**လျှောက်ထားသူ၏ ထင်မြင်ယူဆချက်၊ အကြောင်းပြချက်** တို့ကို ဖော်ပြရမည်။



## ပြင်ဆင်ခြင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်း

- ➢ အကောက်ခွန်ဦးစီးဌာနသည် ကမ္ဘာ့အကောက်ခွန်နှင့် အာဆီယံစည်းဝါးညီ အကောက်ခွန်နှုန်း အမည်ပေးစနစ် ပြင်ဆင်ခြင်းကြောင့် ဖြစ်စေ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူမှုလွဲမှားခြင်းကြောင့် ဖြစ်စေ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင် သတ်မှတ်ချက်ကို ပြင်ဆင်ခြင်းပြုနိုင်သည်။

- ➢ လျှောက်ထားသူသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ကြောင်း **အကောက်ခွန်ဦးစီးဌာန၏အကြောင်းကြားစာ** အားလက်ခံရရှိလျှင် မူလသတ်မှတ်ချက်ကို သက်ဆိုင်ရာအကောက်ခွန်ရုံးသို့ ပြန်လည် အပ်နှံရမည်။

### ဒီအချက်တွေနဲ့ ကိုက်ညီရင်တော့ ဖြေကြားပေးမှာ မဟုတ်ပါဘူး

- ➢ **သုံးနှစ်** အတွင်း လျှောက်ထား ဖြေကြားချက်နှင့်တစ်ထပ်တည်းတူညီသောကုန်ပစ္စည်းများ

- ➢ မြန်မာ့အကောက်ခွန် website [www.myanmarcustoms.gov.mm](http://www.myanmarcustoms.gov.mm) တွင် ဖော်ပြထားသော ကုန်ပစ္စည်းများ

- ➢ လျှောက်ထားသူ နှင့် အကောက်ခွန်ဦးစီးဌာနတို့အကြား အငြင်းပွားမှုရှိပြီး ပြီးပြတ်အောင်ဆောင်ရွက်မှုမရှိသေးသည့် ကုန်ပစ္စည်းများ

- ➢ တည်ဆဲဥပဒေများအရ တားမြစ်ပိတ်ပင်ထားသောကုန်ပစ္စည်းများ

## ရရှိနိုင်မည့်အကျိုးကျေးဇူးတွေကတော့....



ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ခြင်းကို အကောင်အထည်ဖော် ကျင့်သုံးခြင်းအားဖြင့်

- တင်သွင်းမည့်ပစ္စည်းအတွက် အကောက်ခွန်နှုန်း ကြိုတင်သိရှိထားပြီး ဖြစ်သဖြင့် ကျသင့်မည့် အခွန်အခများအား ကြိုတင်သိရှိနိုင်ခြင်း

- တင်သွင်းသူများအနေဖြင့် ကျသင့်မည့် အခွန်အခများ၊အကျိုးအမြတ်စသည်တို့ကိုကြိုတင် ခန့်မှန်းထားနိုင်ခြင်း

- ကုန်ပစ္စည်း ရှင်းလင်း ထုတ်ယူရာတွင် အငြင်းပွားမှုနည်းပါးပြီးမျှတမှုရှိခြင်း

- ကုန်ပစ္စည်း ထုတ်ယူမှု မြန်ဆန်စေနိုင်သဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း၊







တရားဝင်စာဖြင့် ကြိုတင်မေးမြန်းခြင်း၏ အကျိုးရလဒ်အမျိုးမျိုးရှိသော်လည်း နှုတ်ဖြင့်မေးမြန်းသည့် အချိန်တွင် ဖြစ်ပေါ်တတ်သော အကြောင်းအရာကို ဥပမာပေးပြောပါရစေ

ဂျပန်နိုင်ငံမှ paper bag ပြုလုပ်မယ့် စက္ကူ အလိပ် သွင်းရင် ပေးရမယ့် အကောက်ခွန်နှုန်း သိချင်ပါတယ်

အကောက်ခွန် နှုန်း ၃% ပါ

paper bag ပြုလုပ်မယ့် စက္ကူလိပ်ကို အမှန်တင်သွင်းလာတဲ့အချိန်မှာ စက္ကူကို ပိုမိုခံနိုင်ပြီး တောင့်တင်းစေရန် ပလစ်စတစ်ဖြင့် ရက်လုပ်ထားသော ပိတ်သားကပ်၍ တင်သွင်းလာတဲ့အတွက် **အကောက်ခွန် ၁၅%** ပေးဆောင်ရမှာဖြစ်ပါတယ်

ဟင် မေးတုန်းက ၃% ဆို

ဒါကတော့ တင်သွင်းသူမှ နှုတ်ဖြင့် ကုန်ပစ္စည်း အကြောင်း ရှင်းလင်းပြောကြားရာတွင် ပြည့်စုံမှုမရှိသည့်အတွက် ဖြစ်ပေါ်တတ်သော ကွဲလွဲချက် နမူနာ အကြောင်းအရာများ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန



# ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ဆောင်ရွက်ခြင်း (Advance Ruling on Classification) ဆိုင်ရာ သိကောင်းစရာများ

နေ့စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ
နေရာ၊ ရန်ကုန်မြို့

Japan International Cooperation Agency